**Burmese Democratic Futures Working Group – BDFWG**

**University of Virginia**

## Weekly Summary (September 08 - 14, 2024)

### စက်တင်ဘာလ ဒုတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် စက်တင်ဘာလ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄၆ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၁ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၀ ဦး သေဆုံးခဲ့ပါသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ၆ ဦး၊ ပဲခူးတိုင်းတွင် ၅ ဦး၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၄ ဦးစီ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၃ ဦးစီ၊ ချင်းပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄၀ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

- မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ် ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၄၄၅ လုံး မီးလောင် ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် နေအိမ် ၄၂၅ လုံး၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် နေအိမ် ၁၀ လုံးစီတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ် ၅ ခုတွင် စက်တင်ဘာလ ဒုတိယအပတ်အတွင်း အရပ်သားပြည်သူ ၄၅ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၂၃ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၃ ဦး၊ မွန်ပြည်နယ်တွင် ၅ ဦး၊ ချင်းပြည်နယ် တွင် ၃ ဦး နှင့် ဧရာဝတီတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ် ၈ ခုတွင် စက်တင်ဘာလ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၂၉ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၂ ကြိမ်၊ ချင်းပြည်နယ် တွင် ၅ ကြိမ်၊ ရခိုင် ပြည်နယ်တွင် ၃ ကြိမ်၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ၂ ကြိမ်စီ၊ ကရင်နီပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။

## စက်တင်ဘာလ ဒုတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ဒုတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၆၀ ကြိမ် ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၇ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်နီပြည်နယ်တွင် ၇ ကြိမ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတွင် ၅ ကြိမ်စီ၊ ရှမ်းပြည် နယ်မြောက်ပိုင်းတွင် ၄ ကြိမ်၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ၃ ကြိမ်စီ၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ၂ ကြိမ်စီ၊ ချင်းပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

စက်တင်ဘာလ ဒုတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၉၀ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၁၂ ဦး ကျဆုံးခဲ့ပါသည်။

# ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

**KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- စက်တင်ဘာ ၁၁ ရက်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ရဲစခန်းကို KIA နှင့် PDF ပူးပေါင်းတပ်များက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

**စက်တင်ဘာလ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**



| Data of Myanmar Conflict 08-14, September 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 1 | | |
| **BAGO** | 2 | 2 | 11 | | | 5 | | | |
| **CHIN** | 1 | 5 | | | | 1 | 3 | | 10 |
| **KACHIN** | 5 | 2 | | | | 4 | | | 10 |
| **KARENNI** | 7 | 1 | 30 | | | | | | |
| **KAYIN** | 2 | 2 | 8 | | | | | | |
| **MAGWAY** | 5 | | 7 | | | | | | |
| **MANDALAY** | 3 | 2 | 4 | | | 3 | | | |
| **MON** | 2 | | 7 | 1 | | | 5 | | |
| **RAKHINE** | 3 | 3 | 50 | | | 20 | 13 | | |
| **SAGAING** | 9 | | 51 | 11 | 1 | 2 | 23 | 8 | 425 |
| **SHAN (North)** | 4 | 12 | | | | 6 | | | |
| **TANINTHARYI** | 17 | | 22 | | | 4 | | | |
| **TOTAL** | **60** | **29** | **190** | **12** | **1** | **45** | **45** | **8** | **445** |

**Map of Myanmar Conflict ( September 08-14, 2024 )**



## စက်တင်ဘာလ ဒုတိယအပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

စစ်ကောင်စီတွင်ပါဝင်နေသော အဖွဲ့ဝင်များဦးဆောင်သည့် မွန်ညီညွတ်ရေးပါတီ(MUP)ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်(UEC)က မှတ်ပုံတင်ခွင့် ပြုလိုက်သည်။ MUP သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် ပါတီဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မတ်လ ၁၅ ရက်က စစ်ကောင်စီလက်အောက်ခံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) ထံ မှတ်ပုံတင်ခွင့် လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ မစ္စ မာဂျားနား စပေါ်လ်ဂျဲရစ် အက်ဂါနဲ့အဖွဲ့ဟာ မြန်မာနိုင်ငံကို စက်တင်ဘာ ၅ ရက်ကနေ ၉ ရက်အထိ လာရောက်ခဲ့ပြီး စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပဋိပက္ခနဲ့ အကြမ်းဖက်မှုတွေ ပြင်းထန်နေတဲ့ အခြေအနေကြားက ခုလိုလာရောက်ခဲ့တာဖြစ်ပြီး လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်တွေ မြင့်တက်လာနေတဲ့အတွက် အရေးပေါ်လုပ်ဆောင်ဖို့ တောင်းဆိုထားတယ်လို့ ICRC ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြပါသည်။

တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင်ကျင်းပမည့် ပေကျင်းရှန်ကျန်းဖိုရမ်သို့ တက်ရောက်ရန် စစ်ကောင်စီ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် စက်တင်ဘာ ၁၁ ရက်တွင် တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

စက်တင်ဘာ ၁၂ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့အကြား နိုင်ငံရေး၊ လူထုစည်းရုံးရေး၊ စစ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, The Nation Voice.**